# 12 iPad tips & tricks




## 1 ဆယ်စက္ကန့်အတွင်း iPad ထဲက data များကို auto ဖျက်ခြင်း

iPad ကိုဝင်ဖို့ပေးရတဲ့ passcode ကို ဆယ်ခါ မှားရိုက်ခဲ့ရင် သူ့ထဲက data တွေအားလုံး အလိုအလျောက်ပျက်သွားအောင် လုပ်ထားနိုင်ပါတယ်။ Settings ထဲက General ထဲက Passcode lock အောက်မှာရှိတဲ့ Erase Data option ကို အမှန်ခြစ်ထားလိုက်ရုံပါပဲ။

## 2 AutoCorrect ကြောင့် စိတ်မရှုပ်ရစေဖို့

AutoCorrect က ပေးတဲ့ option ကို မကြိုက်ဘူးဆိုရင် ကိုယ်ရိုက်ချင်တာကို အဆုံးထိပြီးအောင် ဆက်ရိုက်ပြီးတော့ reject လုပ်နိုင်ပါတယ်။ ပြီးရင် suggestion ကို tap လုပ်ပါ။ တကယ်လို့ AutoCorrect ထဲကနေ ရွေးချင်တယ်ဆိုရင် space နှိပ်တာ၊ ဒါမှမဟုတ် punctuation mark ကို ရိုက်ထည့်တာ၊ Return ကို tap လုပ်ပြီး pop up correction တက်လာတဲ့ ဧဏဆီကိုပြန်သွားတာပဲဖြစ်ဖြစ် လုပ်နိုင်ပါတယ်။




## 3 အသုံးများတဲ့ စကားစုများအတွက် shortcut လုပ်ထားဖို့

iOS 5 shortcuts ကို အသုံးပြုပြီး iOS ကိုကြိုတင်ညွှန်ပြထားကာ Auto-Correct ကို ကိုယ့်အတွက် အသုံးချနိုင်အောင်လုပ်ထားလို့ရပါတယ်။ ဥပမာ 'omw' ကို ရိုက်ထည့်လိုက်တာနဲ့ 'on my way' ဆိုပြီး ပေါ်လာအောင်ဖြစ်ပါတယ်။ Settings>Genera>Keyboard ထဲမှာ Add New Shortcut ကို select လုပ်ပါ။ Phrase အကွက်ထဲမှာ ကိုယ်အတိုကောက်ရေးချင်တဲ့ စကားစုကို ထည့်ရေးပါ။ Shortcut အကွက်ထဲမှာ အတိုကောက်စာလုံးကို ရေးထည့်လိုက်ရင်ရပါပြီ။




## 4 Free iPad user guide ကို download လုပ်မယ်

iPad ကို ဝယ်တဲ့အခါ user manual hardcopy မပါလာတာကို သတိထားမိမှာပါ။ ဒါက Apple ရဲ့ style ဖြစ်ပါတယ်။ Apple website ကနေ user guide PDF version ကို download ရနိုင်ပြီး ကိုယ့် iPad ထဲမှာ iBook ကို install လုပ်ထားတယ်ဆိုရင်လည်း အဲဒီထဲမှာ ဖတ်နိုင်ပါတယ်။

## 5 Side Switch ကို အသုံးပြုခြင်း

iPad ရဲ့ ကိုယ်ထည်ဘေးဘက်မှာရှိတဲ့ swtich ကိုသုံးပြီး audio alert တွေကို enable ၊ ဒါမှမဟုတ် disable လုပ်နိုင်တဲ့အပြင် screen ရဲ့ အနေအထားကိုလည်း ထောင်လိုက်၊ ဒါမှမဟုတ် အလျားလိုက် တစ်ခုတည်း သတ်မှတ် lock လုပ်ဖို့ သတ်မှတ်ထားနိုင်ပါတယ်။ Home screen ပေါ်က Settings ထဲက General ထဲက Use Side Switch to ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကိုယ်လိုချင်တဲ့ function ကို ရွေးထားနိုင်ပါတယ်။





## 6 Autofill ကို ချိန်ညှိမယ်

Safari ရဲ့ Autofill လုပ်ဆောင်ချက်ကို enable လုပ်ဖို့ Settings ထဲက Safari Autofill ထဲမှာ ရွေးချယ်နိုင်ပါတယ်။ အဲဒီနေရာမှာ ကိုယ်ပေးထားတဲ့ contact အချက်အလက်တွေကို သုံးပြီးတော့ပဲဖြစ်ဖြစ်၊ မကြာသေးခင်ကမှ ကိုယ်သုံးထားခဲ့တဲ့ website မှာ ဖြည့်ထားတဲ့ user name၊ Password တွေကို အသုံးပြုပြီးတော့ပဲဖြစ်ဖြစ် form တွေကို အလိုအလျောက်ဖြည့်ပေးဖို့ သတ်မှတ်ထားနိုင်ပါတယ်။

## 7 ကိုယ့် Passcode ကို ပိုမိုရှုပ်ထွေးစွာထားခြင်း

iOS ရဲ့ default Passcode က နံပါတ်လေးလုံးရှိတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါကို Setting ထဲက General ထဲက Passcode Lock ထဲက Simple Passcode ကို off လုပ်ထားပြီးတော့ ပိတ်နိုင်ပါတယ်။ အခု iPad ကို Lock လုပ်ဖို့ Password ကောင်းကောင်း အသုံးပြုလို့ရပါပြီ။ အဲဒီ Password က iPad ပေါ်က ကိုယ့်ရဲ့ mail နဲ့ attachment တွေကို encrypt လုပ်ဖို့လည်း ကူညီပေးပါတယ်။ ဒါကြောင့်အရင်ကနံပါတ် လေးလုံး Password ကို သုံးတာထက်တောင် ပိုပြီးလုံခြုံမှာပါ။





## 8 Backup များကို လုံခြုံအောင်ထားခြင်း

iTunes ထဲမှာ iPad ရဲ့ backup Data တွေကို encrypt လုပ်လို့ရပါတယ်။ iTunes ထဲမှာ iPad ကို ဖွင့်လိုက်ပါ။ Summary tab ကို click နှိပ်ပါ။ Option ခေါင်းစဉ်ရဲ့အောက်က Encrypt iPad backups ကို အမှန်ခြစ်ထားပါ။

## 9 Search Engine ပြောင်းသုံးဖို့

Safari ရဲ့ default Search Engine ကို Settings ထဲက Safari ထဲက Search Engine ထဲမှာ သွားပြောင်းလို့ ရပါတယ်။ ဒါပေမဲ့ Google ၊ Yahoo နဲ့ Bing စတာတွေ ထဲကပဲရွေးချယ်နိုင်မှာပါ။







## 10 ScreenShot ဖမ်းဖို့

Home button နဲ့ sleep/wake button တစ်ပြိုင်တည်း တွဲနှိပ်ပါ။ ကိုယ့်ရဲ့ photo တွေထဲမှာ ScreenShot က အလိုအလျောက်ရောက်နေမှာ ဖြစ်ပါတယ်။

## 11 AutoSync ကို လိုသလို အဖွင့်အပိတ်လုပ်ခြင်း

တစ်ခါတလေကျရင် ကိုယ့် iPad နဲ့ computer ကို ချိတ်ဆက်လိုက်တဲ့ အခါမှာ synce မလုပ်ချင်တာမျိုးရှိတတ်ပါတယ်။ iPad နဲ့ computer ကို ချိတ်ဆက်ထားတုန်းမှာ iTunes ဖွင့်ပြီး shift နဲ့ control ကိုတွဲနှိပ်ထားပါ။ အဲဒီတစ်ကြိမ်မှာ iTunes က AutoSync မလုပ်ဘဲ ကျော်သွားပါလိမ့်မယ်။ နောက်တစ်နည်းကတော့ Sync လုပ်နေတုန်း အလယ်မှာ iPad ပေါ်က unlock slider ကိုဆွဲပြီး Sync လုပ်တာ ရပ်ပစ်တာမျိုး ဖြစ်ပါတယ်။






## 12 iOS ထဲမှာ multitask လုပ်ခြင်း

လက်ရှိ run နေတဲ့ ဒါမှမဟုတ် ခဏရပ်ထားတဲ့ app တွေကိုခေါ်ဖို့ Home button ကို နှစ်ချက်နှိပ်ရတယ်ဆိုတာ သိပြီးသား ဖြစ်မှာပါ။ Multitasking bar ကို ဘယ်ကနေညာမြန်မြန် swipe လုပ်ပြီး audio/ video playback controls တွေ၊ iTunes app ရဲ့ Shortcut ၊ iPad ရဲ့ မျက်နှာပြင်ပေါ်မှာ ပေါ်နေတဲ့အရာတွေကို Apple TV ပေါ်မှာ ကြိုးမဲ့စနစ်နဲ့ ထင်ဟပ်ပြသစေနိုင်တဲ့ AirPlay button ၊ ပြီးတော့ volume control button စတာတွေကို ခေါ်ယူနိုင်ပါတယ်။